**Website:** www.cnfhqr.org **Email:** cnf.headquarters@gmail.com

# အဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်း၊ တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေး ထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ် မတ်လ (၁၅) ရက်**

၁။ ချင်းအမျိုးသားတပ်ဦး၊ အဋ္ဌမအကြိမ် ပါတီညီလာခံသက်တမ်း၊ တတိယအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကို ၂၀၂၅ ခုနှစ် မတ်လ(၁၂) ရက်နေ့မှ (၁၅)ရက်နေ့အထိ ဝိတိုရိယဗဟိုဌာနချုပ်တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ နာယကနှင့် အကြံပေးပုဂ္ဂိုလ်များ အပါအဝင် ဗဟို ကော်မတီဝင် စုစုပေါင်း(၅၀)ဦး တက်ရောက်ခဲ့ကြပြီး စစ်ရေး နိုင်ငံရေး မဟာဗျူဟာ၊ မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြသည်။

၂။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် ချင်းပြည် (Chinland) ကောင်စီနှင့် ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ/ချင်းညီနောင်(ICNCC/CB)အကြားပေါင်းစည်းရေးကြိုးပမ်းဆောင်ရွက်မှုနှင့် လုပ်ငန်းစဉ်ကို ဝမ်းမြောက်စွာကြိုဆိုသည်။ ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားရေးကို ရှေ့ရှုလျက် ချင်းတော်လှန်ရေး အင်အားစုများ ပေါင်းစည်းညီညွတ်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစုအဖွဲ့များနှင့် လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ ပြည်သူ့တော်လှန်ရေး(၄)နှစ်တိုင်အောင် အကြမ်းဖက် စစ်ကောင်စီ၏ မတရားအာဏာသိမ်းမှုကို ဆန့်ကျင်သည့် အာဏာဖီဆန်လှုပ်ရှားမှု(CDM)ဖြင့်လည်းကောင်း၊ အခြားနည်းလမ်းပေါင်းစုံဖြင့်လည်းကောင်းကြံ့ကြံ့ခံ ပေးဆပ်တိုက်ပွဲဝင်နေကြသည့် ချင်းအမျိုးသားပြည်သူများအား လေးစားဂုဏ်ပြုပါသည်။ ချင်းအမျိုးသားတပ်ဦးသည် စစ်အာဏာရှင်စနစ်အဆုံးသတ်ပြီး ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်ရောက်ရှိသည့်အထိ အဆုံးတိုင် တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

၄။ ချင်းအမျိုးသားတပ်ဦး/တပ်မတော်၏ အမိအဖဖြစ်ပြီး ချင်းအမျိုးသားတော်လှန်ရေး၏ ပင်မမဏ္ဍိုင်ကြီးဖြစ်သော ချင်းပြည်သူတရပ်လုံးအနေဖြင့် ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းပြည်တည်ဆောက်ရေးတွင် မိမိတို့နှင့်အတူ ရပ်တည်ပြီး ကာယအင်အား၊ ဉာဏ အင်အား၊ ဓနအင်အား အသီးသီးဖြင့် ပါဝင်တိုက်ပွဲဝင်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗဟိုကော်မတီ**
**ချင်းအမျိုးသားတပ်ဦး**
**ဆက်သွယ်ရန် - +916909239223**

Chin National Front – General Headquarters, Chinland